သင်ခန်းစာ (၃)

ပထမအပိုင်း - ခြုံငုံသုံးသပ်ခြင်း

ဒီဥပုသ်အပတ်မှာတော့ ဗျာဒိတ်ကျမ်း ၁၄း၆-၁၂ မှာ ဖော်ပြထားတဲ့ ကောင်းကင် တမန်သုံးပါးသတင်းစကား အကြောင်းအသေးစိတ်လေ့လာကြမယ်။ ကျမ်းစာထဲမှာ ကောင်းကင်တမန်တွေဟာ ဘုရားသခင်ရဲ့ သတင်းစကားပြောကြားသူတွေဖြစ်ပါယတ်။ ဗျာဒိတ်ကျမ်းထဲကအတိုင်း ကောင်းကင်တမန်များဟာ ကောင်းကင်အလယ်မှာ ပျံသန်းနေခြင်း ဆိုတာ ဘုရားသခင်ဆီက တိုက်ရိုက်လာတဲ့ ကောင်းကင်သတင်း စကားကို ကမ္ဘာအဆုံးအထိ လျင်မြန်စွာသယ်ဆောင်ခြင်းကို ပုံဆောင်ထားပါတယ်။ ဒီသတင်းစကား များကို ဘုရားသခင်၏ ကျန်ကြွင်းသော သားသမီးများက ကြွေးကြော်ရမှာဖြစ်ပါတယ်။

သခင်ခရစ်တော်ဒုတိယအကြိမ်မကြွလာခင်မှာ တရားစီရင်ခြင်းနဲ့ ဆက်စပ်နေတဲ့ ထာဝရဧဝံဂေလိ သတင်းစကားကို ကမ္ဘာအနှံ့လျင်မြန်စွာရောက်ရှိစေရမည်။ ဒီတစ်ပတ် ဥပုသ်စာဖြေသင်ခန်းစာရဲ့အဓိက လေ့လာသွားရမယ့် အရာကတော့ ဧဝံဂေလိ သတင်း စကားရဲ့လေးနက်ခြင်းဖြစ်ပါတယ်။ ဧဝံဂေလိဆိုတာဘာလဲ၊ ဘာကြောင့်ထာဝရ သတင်း စကားလို့ခေါ်တာလဲ။ ဒီကမ္ဘာပေါ်မှာ နေထိုင်တဲ့ လူအသီးသီး အနွယ်ခပ်သိမ်း အားလုံးဟာ ဧဝံဂေလိသတင်းစကားကို တုံ့ပြန်ရန်မဖြစ်မနေလုပ်ဆောင်ရပါသလဲ။ ကမ္ဘာကြီးရဲ့ နောက်ဆုံး အချိန်မှာ ကယ်တင်ခြင်းရရန် လူတိုင်းမိမိရဲ့တုံ့ပြန်ချက်အပေါ် ဘာကြောင့်မူတည်နေရတာလဲ။ ဒီတစ်ပတ် သင်ခန်းစာမှာ အထက်ပါမေးခွန်းတွေကို ဖြေပေးမှာဖြစ်ပြီး၊ ''ထာဝရဧဝံဂေလိသတင်းစကား'' ရဲ့အနက်အဓိပ္ပာယ်ကို နားလည်စေမှာ ဖြစ်ပါတယ်။

ဒီတစ်ပတ်ရဲ့နောက်ထပ်နားလည်စေရန်ရည်ရွယ်တဲ့အကြောင်းကတော့ နောက်ဆုံးနေ့ရက်မှာ တည်ရှိတဲ့ အသင်းတော်အတွက် သခင်ခရစ်တော်ရဲ့ လုပ်ဆောင်ပေးမှု တွေကို ကောင်းစွာပို၍ နားလည်စေလိုခြင်းဖြစ်ပါတယ်။ ''အသီးသီးဘာသာစကားကို ပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အား'' ထာဝရဧဝံဂေလိ သတင်းစကားကို ဟောပြော သော ကောင်းကင်တမန်သည် ကောင်းကင်အလယ်၌ပျံဝဲလျက်ရှိသည်။(ဗျာဒိတ် ၁၄း၆)

ဤသတင်းစကားသည် ကြီးကျယ်သည်။ ဘုရားသခင်၏နိုင်ငံတော်အတွက် ကျွန်ုပ်တို့၏ အကောင်းဆုံးများကို ပေးရန်ဖိတ်ခေါ်လျက်ရှိသည်။ လူသားမျိုးနွယ်အားလုံးကို သခင်ခရစ်တော် နောက်ဆုံးတောင်းဆိုမှု၌ လက်တွဲဆောင်ရွက်ရန် ကျွန်ုပ်တို့ကို ဖိတ်ခေါ်လျက်ရှိသည်။ ပျောက်ဆုံးလျက်ရှိသော အသက်ဝိညာဉ်များကို ဘုရား သခင်ကယ်တင်ခြင်းလုပ်ငန်းသည် ကျွန်ုပ်တို့၏ဦးစားပေးဖြစ်ရမည်။

ဒုတိယအပိုင်း - ရှင်းလင်းတင်ပြချက်

ဘုရားသခင်သည် သူ၏သားသမီးတွင် ကိုယ်တော်၏တံဆိပ်နှိပ်ထား၍ အတုအယောင်နှင့် ခွဲခြားထားတော်မူသည်။ ရှေးဣသရေလနိုင်ငံသည် ဘုရားအများကို ဝတ်ပြုကိုးကွယ်သော လူမျိုးများ၊ နိုင်ငံများအလယ်တွင်တည်ရှိခဲ့သည်။တရားဟောရာကျမ်း ၆း၄ မှာ ဣသရေလလူမျိုးရဲ့ သန့်ရှင်းခြင်း၊ ထင်ရှားခြင်း၊ ယုံကြည်ခြင်းအရာ၌ ခွန်အားကြီးခြင်း ပုံစံကိုဖော်ပြသော စကားလုံးကို ''ရှန်မာ'' ဟုသိနိုင်သည်။

တရားဟောရာကျမ်း ၆း၄မှာ ''အိုဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ ဘုရားသခင်သည် တစ်ဆူတည်းသောဘုရားသခင်ဖြစ်တော်မူ၏။'' ဟု ဂျူးလူမျိုး မိသားစု များသည် နံနက်တစ်ခါ၊ ညဦးယံတစ်ခါ တစ်နေ့ကိုနှစ်ခါ မြွက်ဆိုလေ့ရှိသည်။

''အိုဣသရေလလူတို့၊ နားထောက်ကြလော့။''အီဂျစ်ပြည်မှ ထွက်ခွာလာချိန်မှ စ၍ ရာစုနှစ်ပေါင်း များစွာ၌ ''ရှန်မာ''ဟုကြွေးကြော်ခြင်းသည် ဝိညာဉ်ရေးအမြင်၌ လူတစ်ဦး တည်းကဲ့သို့ ညီညွတ်စေရန် လမ်းခင်းပေးခဲ့သည်။ ထို ''ရှန်မာ''ဟု ကြွေးကြော်ခြင်းသည် ထာဝရဘုရားအား စွန့်ခွာသွားစေရန် သွေးဆောင်ခြင်းများကို ခုခံနိုင်ရန် ခွန်အား ဖြစ်စေခဲ့သည်။

တရားဟောရာကျမ်း ၆း၄ ကျမ်းပိုဒ်ဟာ စတင် စကားပြောသင်တဲ့ကလေးသူငယ် များကို ရှေးဣသရေလလူမျိုးများ သင်ကြားပေးတဲ့ ပထမဆုံးစကားစုဖြစ်ပါတယ်။ ဂျူးလူမျိုး မိခင်များသည် သား၊သမီး သူငယ်များ အိပ်ရာမဝင်ခင် ''ရှန်မာ'' ဟုကြွေးကြော်စေပါတယ်။

ယုံကြည်ခြင်းတန်ခိုးနှင့် ပြည့်စုံတဲ့အံ့သြဖွယ်ဖြစ်ရပ်ဟာ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၇ခုနှစ်မှာ ဖြစ်ခဲ့ပါတယ်။ ဂျူးကလေးငယ်များကိုရှာဖွေရန် ခရစ်ယာန် မိဘမဲ့ဂေဟာ တွေဆီ ဂျူးဘာသာရေးဆရာတွေဟာ ရောက်ရှိလာပါတယ်။ဂျာမန်တွေလက်က လွတ်မြောက်စေရန် ဂျူးလူမျိုး မိဘတွေဟာ သူတို့ရဲ့ ကလေးငယ်များကို ခရစ်ယာန်မိဘမဲ့ ဂေဟာတွေမှာ အပ်ထားခဲ့ကြပါတယ်။ ဒီနည်းလမ်းဟာ စစ်ကြီးပြီးသွားရင် သူတို့ကလေးတွေ နဲ့ ပြန်တွေ့နိုင်မယ့်နည်းလမ်းလို့ မျှော်လင့်ကြပါတယ်။ အကယ်၍ မိဘတွေသေသွား ခဲ့ရင် ဆွေမျိုး၊ သူငယ်ချင်းများ က ပြန်ရှာဖွေတွေ့နိုင်မယ့်နည်းလို့ ယုံကြည်ထားပါတယ်။

စစ်ကြီး အပြီးမှာတော့ မိဘမဲ့ဂေဟာက ဘုန်းတော်ကြီးနဲ့သီလရှင်တွေဟာ ဂျူးကလေးငယ်များကို သူတို့ရဲ့မိသားစုထံပြန်မပေးလိုကြပါဘူး။ သူတို့ရဲ့ဂေဟာတွေမှာ ဂျူးကလေးငယ်တွေမရှိဘူးလို့ ငြင်းကြပါတယ်။ ဂျူးဘာသာရေးဆရာတစ်ဦးဟာ ဘုန်းတော်ကြီးကို ကလေးငယ်များအိပ်ယာမဝင်မီ နောက်တစ်ခေါက် ပြန်လာပြီးတွေ့ခွင့် ပေးရန် ခွင့်တောင်းလိုက်ပါတယ်။ ဘုန်းတော်ကြီးကတော့ သဘောမတွေ့စွာနဲ့ ခွင့်ပြု ပေးခဲ့ပါတယ်။

ဂျူးဘာသာရေးဆရာဟာ ကလေးငယ်များရဲ့ အိပ်ယာတစ်ဘက်တစ်ချက် ကြားလမ်းမအတိုင်း လျှောက်ဝင်သွားပြီး ကလေးငယ်တစ်ယောက်စီတိုင်ကို ''ရှန်မာ''လို့ ဟေမြဲလိုကြွေးကြော်လိုက်ပါတယ်။ ဂျူးကလေးငယ်များဟာ မျက်ရည်ကျလျက် ''မေမေ'' လို့ အော်ငိုကြပြီး ''ရှန်မာ''လို့ ထပ်ခါထပ်ခါဆိုကြပါတယ်။ ဘုန်းတော်ကြီးတွေဟာ အံ့သြခြင်းတွေနဲ့ ပြည့်သွားပါတယ်။ အိပ်ယာဝင်တိုင်း မိခင်က ရွတ်ဆိုခိုင်းခဲ့တဲ့ ''ရှန်မာ'' ဆိုတဲ့ စကားစုကို ဂျူးကလေးငယ်များရဲ့မှတ်ဉာဏ်ထဲကဖျောက်ပစ်လို့မရခဲ့ပါဘူး။ အုပ်ချုပ်သူ ဘုန်းတော်ကြီးက ထိုကလေးများကို ပြန်ခွင့်ပေးခြင်းမှတစ်ပါး အခြားရွေးချယ်ခွင့် မရှိတဲ့အတွက် ဂျူးကလေးငယ်များဟာ ''အိမ်'' ပြန်ခွင့်ရပြီး ပညတ္တိကျမ်းများကို လေ့လာခွင့် ရခဲ့ကြပါတယ်။

''ငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသောဘုရာသခင်ဖြစ်တော် မူ၏'' (တရားဟောရာကျမ်း ၆း၄) ဆိုသောစကားလုံးသည် ဂျူးကလေးငယ်တို့၏ စိတ်ထဲ၌ စွဲထင်ကျန်ရစ်၍ ထို အမှတ်အသားပင် ဂျူးလူမျိုးဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။

**ကောင်းကင်တမန်သုံးပါးသတင်းစကား။ ကျွန်ုပ်တို့၏ဆုံမှတ်**

သတ္တမနေ့အသင်းသားတိုင်းအတွက် ကောင်းကင်တမန်သုံးပါးသတင်းစကား (ဗျာဒိတ်ကျမ်း ၁၄) သည် ကျွန်ုပ်တို့၏အမှတ်အသား၊ ကျွန်ုပ်တို့၏စုရုံးရာဖြစ်ရမည်။ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကြေငြာချက်ဖြစ်ရမည်။ ထိုသတင်းစကားအတိုင်း အသက်ရှင်ခြင်းသာ ကျွန်ုပ်တို့သည် ဘယ်သူဖြစ်ကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကျွန်ုပ်တို့၏ အမှုတော်ကိုဖော်ပြပေးသည်။

ကမ္ဘာတစ်ခုလုံးကို စိတ်ရောကိုယ်ပါ ကြွေးကြော်ရမည့် ပရောဖက်ဟောထားချက် အသေးစိတ် အချက်အလက်တွေကို ဗျာဒိတ်ကျမ်း ၁၄း ၆-၁၂မှာ တွေ့နိုင်ပါတယ်။ ''သတ္တမနေ့အသင်းသားတိုင်းဟာ ကမ္ဘာကြီးကို အလင်းသယ်ဆောင်လာတဲ့ ကင်းစောင့်များ ဖြစ်ရပါမယ်။ ပြစ်ဒဏ်ကျခံရမယ့် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ ကယ်တင်ခြင်းခံရရန်အတွက် နောက်ဆုံးသတိပေးစကားကို ပြောရမှာဖြစ်ပါတယ်။ နှုတ်ကပတ် သမ္မာကျမ်းစာမှအလင်း သည် သူတို့အပေါ်၌တည်လျက်ရှိသည်။ ထိုသူတို့သည် ပထမ၊ ဒုတိယ နှင့် တတိယ ကောင်းကင်တမန်တို့၏ အရေးကြီးသော သတင်းစကားများကို ဟောပြောရန် တာဝန်ပေး အပ်ခြင်း ခံရသူများ ဖြစ်သည်။ ထိုသတင်းစကားဟောပြောခြင်းထက် အရေးကြီးသောအမှု မရှိပါ။ ထိုအရေးကြီးသော အမှုမှ လွဲသွားရန် အခြားသောအမှုအရာများကို နှောင့်ယှက်ခွင့် မပြုရပါ။'' (အသင်းတော်အတွက် သြဝါဒများ၊ အတွဲ ၉၊ စာ ၁၉)

ဒီသတင်းစကားတွေဟာ တစ်ကမ္ဘာလုံးနဲ့ဆိုင်သလို၊ ထာဝရသတင်းစကား၊ အရေးကြီးတဲ့ သတင်း စကားလည်းဖြစ်ပါတယ်။ ဧဝံဂေလိသတင်းစကားကို နှလုံးသွင်း ရပါမယ်။ ဧဝံဂေလိသတင်းစကားဆိုတာ ဘာလဲ၊ သခင်ခရစ်တော်၏သက်တော်စဉ်၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ယဇ်ပုရောဟိတ်အမှုဆောင်ရွက်ခြင်းနဲ့

ဤကမ္ဘာသို့ တဖန်ပြန်ကြွလာခြင်း သတင်းကောင်းများဖြစ်ပါတယ်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့ကို အပြစ်မှကယ်နှုတ်၍ထိုအပြစ်ကိုအောင်နိုင်ရန် တန်ခိုးများပေးပါသည်။ ထိုဧဝံဂေလိ သတင်းကောင်းကို နားလည်ခြင်းသည် ကျွန်ုပ်တို့အပေါ်မှာ ထားရှိသော ဘုရားသခင်၏ အဆုံးမဲ့၊ မကုန်ခမ်းနိုင်သော၊ နက်နဲသော ထာဝရမေတ္တာတော်ကို ဖမ်းဆုပ်ထားစေသည်။

ကျွန်ုပ်တို့သည် ကိုယ်တော်ကို မသိရှိခင်မှာပင် ကိုယ်တော်ကျွန်ုပ်ကိုသိတော်မူ ပါသည်။ ကျွန်ုပ်တို့ မအော်ဟစ်ခင်မှာပင် ကိုယ်တော်ကယ်မတော်မူသည်။ ကိုယ်တော်ထံ မသွားမီမှာပင် မေတ္တာတော်တန်ခိုးနှင့် ကျွန်ုပ်ကို ဆွဲယူတော်မူသည်။ တပည့်တော် ရှင်ယောဟန်၏ မေ့မရနိုင်သောစကားများအားဖြင့် ထောက်ခံထားသည်မှာ "ငါတို့သည် ဘုရားသခင်ကိုချစ်ကြသည်ဟုမဆို၊ ဘုရားသခင်သည်ငါတို့ကိုချစ်၍ ငါတို့၏ အပြစ်ဖြေရာ အကြောင်းဖြစ်စေခြင်းငှါ၊ သားတော်ကို စေလွှတ်တော်မူသော အရာ၌ ချစ်ခြင်းမေတ္တာရှိ၏" (ယောဟန်ဩဝါဒစာ ပဌမစောင် ၄း၁၀) ရောမဩဝါဒစာ ၅း၈ မှာ ရှင်ပေါလုကလည်း "ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏"

ဧဝံဂေလိသတင်းစကားတွင် ခမည်းတော်သည် သားတော်အားဖြင့် ကယ်တင်ခြင်း အမှုကို လုပ်ဆောင်သည်။ သခင်ခရစ်တော်၏အမှားကင်းသော အသက်တာပုံစံအတိုင်း ကျွန်ုပ်တို့အသက်ရှင်၍ ကိုယ်တော် အသေခံတော်မူသကဲ့သို့ အပြစ်နှင့်ဆိုင်သောအရာကို သဂြိုလ်ရမည်။ ကျွန်ုပ်တို့ကို ကိုယ်တော်ထံသို့ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်၊ သူ၏ မေတ္တာတော်၊ ကရုဏာတော်အားဖြင့် ဆွဲယူ၍ အသက်တာပြောင်းလဲခြင်းတန်ခိုးကို ပေးတော်မူသည်။ ကပ်တိုင်အားဖြင့်အပြစ်၏တန်ခိုးကျိုးပျက်ခဲ့သည်။ ဘုရားသခင်၏ ကရုဏာကိုလက်ခံခြင်း၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းကို ရယူခြင်းနှင့် ထာဝရအသက် ပေးမည်ဟူသောကတိတော်ကိုယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့သည်ဘုရာသခင်၏ သား၊သမီးများ ဖြစ်လာသည်။

ထာဝရဧဝံဂေလိသတင်းစကားသည် ကောင်းကင်တမန်သုံးပါးသတင်းစကား၏ အဓိကဖြစ်သည်။ နောက်ဆုံးအချိန်၏သတင်းစကားများသည် သခင်ယေရှု အကြောင်းများ ပင်ဖြစ်သည်။ လူတို့၏ကိုယ်ပိုင် အကျင့်ကောင်းနှင့် မာန်မာနများကို ခဝါချစေသော သတင်း စကားဖြစ်သည်။ သခင်ယေရှုကိုယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို စိတ်ချ စေသည်။ကျွန်ုပ်တို့၏ ဆိုးညစ်သောအကျင့်စာရိတ္တနေရာ၌ သခင်ယေရှု၏ ဖြောင့်မတ်ခြင်း များကိုအစားထိုးလက်ခံရန် ယုံကြည်စိတ်ချစေသည်။

ကိုယ်တော်၏သက်တော်စွန့်လွှတ်ပူဇော်ခြင်းကို လက်ခံချိန်၌ သခင်ခရစ်တော်၏ ပြည့်စုံသော အသက်တာကို ကျွန်ုပ်တို့ဝတ်ဆင်ခွင့်ရသည်။ ဧဝံဂေလိသတင်းစကားက ကျွန်ုပ်တို့၏အသက်တာရှိသည့်အတိုင်း ခရစ်တော်ထံလာရန်ဖိတ်ခေါ်လျက်ရှိသည်။ သခင်ယေရှု၏မေတ္တာခေါ်သံကို တုံ့ပြန်ရာတွင် ဘုရားဝတ်၌

မွေ့လျော်သောအသက်တာနှင့် အသက်ရှင်နေထိုင်လိမ့်မည်။ ကျွန်ုပ်တို့၏အတိတ်နေ့ရက်များအတွက်သာမက အသက်တာ တစ်လျှောက်လုံးအတွက် ကရုဏာတော်တည်လျက်ရှိရာ ကိုယ်တော်ကို ကိုးစားရန် အကျွန်ုပ် ကို ခွန်အားပေးလျက်ရှိသည်။ ရောမဩဝါဒစာ ၁း၅ မှာ ရှင်ပေါလုက ရှင်းလင်းစွာ ဖော်ပြ ထားသည်မှာ ''သခင်ယေရှုခရစ်အားဖြင့်ကျေးဇူးတော်နှင့် ယုံကြည်နားထောင်သော တမန်တော် အရာကို ရကြပြီ။'' ဘုရားသခင်၏ ကျေးဇူးတော်သည် ''တည်ကြည်စွာနေထိုင်ခြင်း၊တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း''ဖြင့် ယခုဘဝ၌ နေထိုင်စေသည်။'' (တိတုဩဝါဒစာ ၂း၁၂) ဤအရာသည် အလွန်ထူးမြတ်သော ဧဝံဂေလိ သတင်းကောင်းဖြစ်သည်။

ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရသော၊ မေတ္တာတော်ကြိုးဖြင့် ဆွဲယူခြင်းခံရသော၊ တန်ခိုးတော်အားဖြင့်အသက်တာ ပြောင်းလဲသူ၏ သဘာဝတုံ့ပြန် မှုတွင်သခင်ခရစ်တော်ကျွန်ုပ်အတွက် လုပ်ဆောင်ပေးသော အရာများကို ဝေငှသက်သေခံ နေမည်။ ခရစ်ယာန်တစ်ဦး၏သက်သေခံချက်များသည် ဘုရားသခင်ကိုချစ်သောနှလုံးသားမှ စီးထွက်လာရမည်။ ဧဝံဂေလိသတင်းကောင်းသည် ကျွန်ုပ်တို့၏ ခေါင်းမာခြင်း၊ အပြစ်နှင့် ပြည့်ဝသောနှလုံးအကြံအစည်ကို ချိုးဖျက်လိုက်သောအခါ ကိုယ်တော်၏ ကျေးဇူးတော်အကြောင်းပြောလာမည်။ ကမ္ဘာကိုသက်သေခံခြင်း၏အရင်းအမြစ်သည် ထာဝရဧဝံဂေလိ သတင်းစကားကို နားလည်ခြင်းဖြစ်သည်။ ဗျာဒိတ်ကျမ်း ၁၄း၆ က ပြောထားတဲ့ ကမ္ဘာဆုံးထိ ပြောရမယ့် ဧဝံဂေလိသတင်းဆိုတာ ကျွန်ုပ်တို့တစ်ဦးစီကိုယ်တိုင်ထိတွေ့ခံစား နေထိုင်ရမှာ ဖြစ်တယ်။ဒီတစ်ပတ်သင်ခန်းစာရဲ့အဓိကအချက်ကတော့ သခင်ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာခြင်း၌ ဧဝံဂေလိသတင်းစကားကို နားလည်ခြင်း၊မြည်းစမ်းခြင်းနှင့် ဝေငှခြင်းများ ဖြစ်ပါတယ်။

တတိယပိုင်း - လုပ်ဆောင်ရန်

ကိုယ်တိုင်တုံ့ပြန်မှု။

အတန်းသားများနဲ့ အတူဒီတစ်ပတ်သင်ခန်းစာကို လေ့လာပြီးပြီဆိုရင် ကိုယ်စီကိုယ်ရဲ့ကယ်တင်ခြင်းအကြောင်း စဉ်းစားမိကြပါလိမ့်မယ်။ အပြစ်ဖြေလွတ်ခံရပြီးလို့ ကိုယ့်ကိုယ် ယုံကြည်စိတ်ချမှုအားနည်းနေပါတယ်။ ဘဝမှာခါးသီးတဲ့ဝမ်းနည်းခြင်း အတွေ့အကြုံရှိပြီး''သေမင်းအရိပ်လွှမ်းမိုးတဲ့ချိုင့်ထဲ ကျွန်ုပ်လျှောက်ရစဉ် ကိုယ်တော်ဘယ်မှာလဲ'' လို့ မေးခွန်းထုတ်မယ် ဒါမှမဟုတ် ကိုယ်ပိုင်ခွန်အားနဲ့မတွန်းလှန်နိုင်၊ လူသိမခံနိုင်၊ မကောင်းတဲ့စိတ်ဓါတ်ရဲ့ထိန်းချုပ်မှုအောက်မှာ ရုန်းကန်နေရပါသလား။

ပြန်သတိယပါ။ ဧဝံဂေလိသတင်းကောင်းဟာ လူသားတိုင်းအတွက်ပါ။ ခရစ်တော်ရဲ့ အသေခံခြင်းဟာ အခြားသူတွေအတွက်လည်းဖြစ်တယ်။ ကိုယ်တော်ရဲ့ တန်ခိုးတော်၊ ကျေးဇူးတော်၊ မေတ္တာတော်အားလုံးဟာ သား၊သမီးတိုင်းအတွက်ဖြစ်ပါတယ်။

အယ်လင်ဂျီဝှိုက်ရဲ့ကောက်နုတ်ချက်စာသားလေးကို အသံကျယ်ကျယ်ဖတ်ခိုင်းပါ။

''ကျွန်ုပ်တို့၏အပြစ်နှင့်ပြည့်ဝ၍ အကူအညီမဲ့သော၊ အားကိုးရန်လိုအပ်သော အခြေအနေအတိုင်းပင် ကိုယ်တော်ထံလာရန် သခင်၏မေတ္တာသည်ဆွဲယူလျက်ရှိသည်။ ကျွန်ုပ်တို့၏အားနည်းချက်၊ မိုက်မဲခြင်း အပြစ်များနှင့်သာ ကိုယ်တော်၏ခြေတော်ရင်းသို့ နောင်တနှင့်လာပါ။ ဘုန်းတော်နှင့်လွှမ်းခြုံသော မေတ္တာတော် ရင်ခွင်၌ ပွေ့ဖက်ထား၍ ကျွန်ုပ်တို့အနာများကို စည်းပေးလျက်၊ ကျွန်ုပ်တို့၏ညစ်ပေမှုများကိုဆေးကြောပေးမည်။'' သုခချမ်းသာလမ်းညွှန်၊ စာ ၅၂။

ဤအရာသည်ပင် ဧဝံဂေလိသတင်းစကား၏လှပခြင်းဖြစ်သည်။ သခင်ယေရှုသည် အပြစ်သားကို အပြစ်ကျူးလွန်သောကြောင့် ပြစ်ဒါဏ်ပေးရန် ကြာပွတ်နှင့် ရပ်စောင့်နေခြင်းမဟုတ်သောကြောင့် ကြောက်စရာ မလိုပါ။သူ၏ကျေးဇူးတော် တန်ခိုးကို မြည်းစမ်း၍နောက်ဆုံးသောကာလ၌ ကိုယ်တော်၏အားကြီးသော သက်သေခံများ အဖြစ် စေလွှတ်ရန်၊ တန်ခိုးရရှိရန်၊ ခွင့်လွှတ်ခြင်းခံရရန်နှင့် မေတ္တာဖြင့် ပွေ့ဖက်ထားရန် လက်ရုံးတော်ကို ကျယ်စွာဖွင့်လျက် ကျွန်ုပ်တို့ကို စောင့်ကြိုနေသည်။

အောက်ပါမေးခွန်းများကို တစ်ဦးချင်းဖြေဆိုစေပါ။

၁။ ယခုတွင် မိမိ၏ကယ်တင်ခြင်းစိတ်ချပြီလား။ ဟုတ်ကဲ့ဆိုလျှင် ရှင်းပြပါ။ စိတ်မချရသေးလျှင် သခင်ယေရှု၏ မေတ္တာစက်ဝိုင်းထဲမှာ ထွေးပွေ့ထားခြင်းနဲ့ ကျွန်ုပ်တို့ အနာများကို စည်းပေးမည်ဟု ယုံကြည်ခြင်းမှ အဘယ် အရာများ က ဝေးကွာနေစေ ပါလဲ။

၂။ ဘုရားသခင်၏မေတ္တာတော်၊ ကရုဏာတော်နှင့် ခွင့်လွှတ်ခြင်းများကို အခြားသူများအား ကျွန်ုပ်မည်သို့ သက်သေ ခံမည်နည်း။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ကိုယ်တော်၏ ကျေးဇူးတော်ကို ဝေငှနိုင်မည့် ဘာနည်းလမ်းများရှိဦးမလဲ။